ကြာကန်ကျေးရွာ

ကွက်ငယ်ကျေးရွာအုပ်စု

မိတ္ထီလာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃-၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြာကန်ကျေးရွာ၊ မိတ္ထီလာမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

စကားချီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ (၂၀၂၈)ခုနှစ်အထိ (၅)နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံညဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စိစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စိစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသည့် အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစာပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယားစသည့်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြာကန်ကျေးရွာ
မိတ္ထီလာမြို့နယ်

မာတိကာ

မာတိကာ ၂

၁. မိတ္ထီလာမြို့နယ်၊ ကွက်ငယ်အုပ်စု၊ ကြာကန်ကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. မိတ္ထီလာမြို့နယ်၊ ကွက်ငယ်အုပ်စု၊ ကြာကန်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၄

၃. မိတ္ထီလာမြို့နယ်၊ ကွက်ငယ်အုပ်စု၊ ကြာကန်ကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၅

၄. မိတ္ထီလာမြို့နယ်၊ ကွက်ငယ်အုပ်စု၊ ကြာကန်ကျေးရွာ၏ ကျေးရွာလက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၈

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၉

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၁၀

၄.စ။ ပညာရေး ၁၁

၄.ဆ။ ကျန်းမာရေး ၁၂

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၃

၄.စျေး ကျား – မ ရေးရာ ၁၄

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၅

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၆
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ ၁၇
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဧယား ၁၈


N
W
E
S
ရည်ညွှန်းချက်
စာသင်ကျောင်း
ဘုန်းကြီးဖော်
ဓရတွင်း
အိမ်
ဓရအိုင်
လွှယ်ကွင်း
သရက်ခြံ
သံတား
သုသာန်

၄. မိတ္ထီလာမြို့နယ်၊ကွက်ငယ်အုပ်စု၊ ကြာကန်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ကြာကန်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး မိတ္ထီလာမြို့မှ တောင်ကြီးမြို့သို့ အထွက် မိတ္ထီလာ-သာစည်ကြား(၁၁)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရွာ၏အကျယ်အဝန်းမှာ (၄၂)ဧကရှိပြီး ရွာ၏တောင်ဘက်တွင် လယ်ကွင်းများ၊ ဝါစီမံကိန်း များတည်ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် ပျော်ကုန်းကျေးရွာချင်းဆက် မြေသားလမ်း၊ မြောက်ဘက်တွင် အုပ်ဖွဲ့လ်ကျေးရွာ၊ အမှတ်(၁၀၆)အ.လ.က(ခွဲ)စာသင်ကျောင်း၊ အရှေ့ဘက်တွင် နတ်နန်းနှင့် လယ်မြေများတည်ရှိပါသည်။ စိုက်ပျိုးရေးအသုံးပြုရန်အတွက် အုပ်ဖွဲ့လ်ကျေးရွာ-ကြာကန်ဆည်မှ အသုံးပြုပါသည်။ ကြာကန်ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာဖြစ်ပြီး မိုးကောင်းရေသောက် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသဖြင့် မိုးတွင်းကာလတွင် စိမ်းစိုနေ၍ ဆောင်းနှင့်နွေတွင် ခြောက်သွေ့လျက်ရှိပါသည်။ ကျေးရွာပတ်ဝန်းကျင် လယ်မြေဧက(၁၅၀)၊ ယာမြေ(၁၈၀)ရှိပြီး လယ်ယာမြေပေါများသဖြင့် မိုးကောင်းရေသောက်စိုက်ပျိုးနိုင်ပါသည်။

၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကြာကန် ကျေးရွာ၏ ရာသီဥတု အခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၇°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၄°C ရှိတက်ပါသည်။ မိုးကောင်းရေသောက်ဖြစ်သည့်အတွက် မိုးရာသီတွင်သာ စိုက်ပျိုးရေရရှိပြီး နွေရာသီနှင့်ဆောင်းရာသီတို့တွင် စိုက်ပျိုးရေလုံလောက်မှု မရှိပါ။ ရာသီဥတုမှန်ကန်မှု မရှိသောကြောင့် မိုးခေါင်ခြင်းဒဏ်ကို မကြာခဏခံကြရပါသည်။ မိုးခေါင် သည့်နှစ်များတွင် မြေသောက်ရေကိုအသုံးပြု၍ စိုက်ပျိုးနိုင်ခြင်းမရှိပါ။

အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ပဲစဉ်းငုံ တို့ကို အဓိကထား စိုက်ပျိုးကြပြီး သဘာဝပေါက်ပင်များမှာ မန်ကျည်း၊ တမာ၊ ရှား၊ ဇီးပင်၊ ထနောင်းပင်နှင့် ကန္တာရပင်တို့ ပေါက်ရောက်ပါသည်။

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

ကြာကန်ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၁)ဖွဲ့၊ လုံခြုံရေးနှင့်အုပ်ချုပ်ရေး(၂)ဖွဲ့၊ ဘာသာရေး (၁)ဖွဲ့၊ လျှပ်စစ်မီးလင်းရေးကော်မတီ(၁)ဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့(၁)ဖွဲ့နှင့် လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ များဖွဲ့စည်းထားရှိပါသည်။ ၎င်းအဖွဲ့အစည်းများသည် ၎င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု တာဝန်ယူမှု၊ တာဝန်ခံမှုများ အပြည့်ရှိကြသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကြာကန်ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပါသည်။ အိမ်ထောင်စု၏ (၂၅)% မှာ လယ်၊ ယာစိုက်ပျိုးခြင်းလုပ်ငန်းကို ကိုယ်ပိုင်လုပ်ကိုင်ကြပြီး လယ်ယာလုပ်ငန်းကိုအငှားလုပ်ကိုင်သူ အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ လက်သမား၊ ပန်းရံနှင့် အခြားကျပမ်းလုပ်ငန်းလုပ်ကိုင်သူများမှာလည်း တောင်သူများနှင့်စပ်ဆက်နေသောကြောင့် တောင်သူများအကျိုးအမြတ်ရရှိ၍ အဆင်ပြေလျင်လည်း အလုပ်အကိုင်များ ရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများသီးနှံဆုံးရှုံးမှု ရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ကြရပါသည်။

ကြာကန်ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အဆင့်(၄)ဆင့်ခွဲခြားထားပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၄၀)၊ အဆင်မပြေသောအိမ်ထောင်စု(၂၀)၊ အလယ်အလတ်အိမ်ထောင်စု(၃၀)၊ အလွန်အဆင်မပြေသော အိမ်ထောင်စု(၁၅)စု ရှိကြောင်းလာတွေ့ရှိရပါသည်။ အလယ်အလတ်အိမ်ထောင်စုက ပိုမိုများကြောင်း တွေ့ရပါသည်။

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊

လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ကြာကန်ကျေးရွာတွင်ဓမ္မာရုံရှိ၍ စျေးမရှိပါ။ အခြေခံပညာအလယ်တန်းကျောင်းသာရှိပြီး အထက်တန်းကျောင်းသို့ (၅)မိုင်ခန့်ဝေးသော ညောင်ကိုင်းကျောင်းသို့ သွားရောက်ရပြီး မိုးရာသီတွင်

သွားလာရခက်ခဲပါသည်။ ရွာတွင်းလမ်းမကြီးသည် အရှေ့နောက်()၊ တောင်မြောက်()၊ ခန့်ရှိပါသည်။ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများ လမ်းချော်ခြင်းဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ရန် လိုအပ်ပါသည်။

လျှပ်စစ်မီးရရှိမှုအနေဖြင့် ကျေးရွာ၏အိမ်ထောင်စုအားလုံး ကိုယ်ထူကိုယ်ထစနစ်ဖြင့် လျှပ်စစ်မီးရရှိပြီး ဖြစ်ပါသည်။ လျှပ်စစ်မီးလင်းရေးအနေဖြင့် ကျေးရွာတွင်း ဓာတ်တိုင်စိုက်ထူခြင်း၊ ကြိုးသွယ်တန်းခြင်းများကို ကိုယ်ထူကိုယ်ထ စနစ်ဖြင့် လုပ်ကိုင်ပြီးဖြစ်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားဝန် ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။

၄.စ။ ပညာရေး

ကြာကန်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသည့် အတွက် ကျေးရွာရှိ ကလေးများ၊ ပညာရေးကိုအလွယ်တကူ သင်ကြားခွင့်ရရှိပါသည်။ ကျောင်းသား/သူများမှာလည်း အခြေခံပညာ အဆင့်အထိ ကျောင်းတက်ရောက်နေသည့် ကျောင်းသား/သူ(၂၅၁)ဦး ရှိပါသည်။ ကျောင်းဆောင်၏ အရည်အသွေးမှာ ကောင်းမွန်ပြီး ကျောင်းသုံးပရိဘောဂများမှာ လုံလောက်မှုမရှိပါ။ ကျေးရွာ၏ စာမတတ်သူဦးရေမှာ (၁၀%) သာရှိပြီး စာမတတ်မြောက်မှုနှုန်းကို ခြုံ၍ကြည့်ပါက မူလတန်းပြီးဆုံးသူ (၃၀%)၊ အထက်တန်းပညာပြီးဆုံး သူ (၁၀%)၊ တက္ကသိုလ်ပညာပြီးဆုံးသူ (၇%)ဖြစ်သောကြောင့် စာတတ်မြောက်မှုနှုန်းမှာ အသင့်အတင့်ရှိပြီး ပညာရေးစိတ်ဝင်စားသော ကျေးရွာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄.ဆ။ ကျန်းမာရေး

ကြာကန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု မရှိသည့် အတွက် ရွာနှင့်(၁)မိုင်ခန့်ဝေးကွာသော ပျော်ကုန်းကျေးရွာသို့ သွားရောက်ကုသရပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကူးစက်ရောဂါဖြစ်ပွားသူများမှာ လွန်စွာနည်းပါးပြီး ရာသီတုပ်ကွေးရောဂါနှင့် သွေးတိုး၊ ဆီးချို ရောဂါများမှာ အနည်းငယ်ဖြစ်ပွားပါသည်။ အများအားဖြင့် ကျန်းမာရေးကောင်းမွန်ပါသည်။ တခါတရံ ကလေးငယ်များ မသန့်ရှင်းသောအစားအစာများ စားသုံးမိ၍ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ခြင်း၊ ရာသီတုပ်ကွေးများဖြစ်တတ်ပါသည်။ ထိုအချိန်တွင် ကျန်းမာရေးဌာနသို့သွားရောက် ကုသမှုခံယူကြရပါသည်။

သို့သော်လည်း အရေးပေါ်ကိစ္စများတွင် ကျန်းမာရေးအချိန်မီ ရရှိနိုင်ရန်အတွက် ကျေးရွာတွင် ကျန်းမာရေးဌာန ခွဲရှိရန်လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျေးရွာ၏ အိမ်ထောင်စုအားလုံးမှာ ရေလုံအိမ်သာ သုံးစွဲကြပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကြာကန်ကျေးရွာရှိ စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်သောကြောင့် ပိုးသတ်ဆေးနှင့် မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ပါသည်။ တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန်းပစ်ပစ္စည်းများ၊ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်ဖြင့် ပြုလုပ်ထားသောအရာများကြောင့် ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ကျေးရွာတွင် တခါတရံ အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ ရေကြီးခြင်းများဖြစ်ပေါ်လာနိုင်၍ လူနေအိမ်များ ပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံများပျက်စီးခြင်း စသောဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄.၈။ ကျား – မရေးရာ

ကြာကန်ကျေးရွာတွင် ကျား-မရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြပါသည်။ ကျေးရွာသည် ကျား-မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှု ကိစ္စရပ်များမတွေ့ရပါ။ ကျေးရွာတွင်အမျိုးသား/သမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်ဆိုင်သော ကိန်း ဂဏန်းများအရ ပညာသင်ယူနိုင်ရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ပင် ဖြစ်သည်။ ကြာကန်ကျေးရွာတွင် ကျား-မမရွေး လူကြီး၊ လူငယ်မရွေး နှစ်စဉ်နှစ်တိုင်းဆွမ်းလောင်းလှူ ခြင်းကို ဂေါပကအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပုသ်နေ့တိုင်းတွင် ကျေးရွာအတွင်းရှိ ဓမ္မစကြာဝတ် အသင်းများနှင့် ပဌာန်းပူဇော်ခြင်းများဆောင်ရွက်ခြင်း၊ သာရေးနာရေးကိစ္စများတွင်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်း၊

ဖွံ့ဖြိုးရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ကျန်း မာရေးလုပ်ငန်းများတွင် ကျေးရွာသူ/သားများမှ အဖွဲ့စည်းပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆယ့်နှစ်လ ရာသီပွဲတော်များ တွင်လည်း ဦးဆောင်ပါဝင်ဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၇၀၀၀)ကျပ် ဖြစ်ပြီး လက်သမားပန်းရံစသော လက်မှုပညာဖြင့်လုပ်ကိုင်ကြသော ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၆၀၀၀) ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင်လုပ်ကိုင်သော အမျိုးသမီးများ၏ တစ်ရက်လုပ်အားခမှာ (၅၀၀၀) ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေးလုပ်ငန်းဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပမ်းလုပ်ငန်းများတွင် အမျိုးသမီး များရှိသော တစ်ရက်ပျမ်းမျှလုပ်အားခမှာ (၆၀၀၀)ကျပ်နှင့် (၅၀၀၀)ကျပ် ဖြစ်ပါသည်။

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁
ရေပေးမြောင်းများပြုပြင်ခြင်း	၂
ဆေးပေးခန်းရှိရေး	၃
စာကြည့်တိုက်ဆောက်လုပ်ခြင်း	၄
မြစိမ်းရောင်စီမံကိန်းရှိရေး	၅

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ခု၊ ဘဏ္ဍာရေးနှစ်တွင်

ဆောင်ရွက်သည့် ကွက်ငယ်အုပ်စု၊ ကြာကန် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးထွန်းထွန်း	ဦးချစ်တင်	၉/မထလ(နိုင်)၁၉၄၀၅၉	၄၅	ဥက္ကဋ္ဌ	၀၉-၄၂၀၂၃၄၃၈	
၂	ဦးထွန်းထွန်းနိုင်	ဦးအေးကို	၁၃/ရစန(နိုင်)၀၄၈၉၀၅	၄၄	အတွင်းရေးမှူး	၀၉-၆၈၃၃၃၅၅၈၄	
၃	ဦး၀င်းမောင်	ဦးထွန်းကြိုင်	၉/မထလ(နိုင်)၁၉၄၃၅၃	၄၈	ဥက္ကဋ္ဌ(၀ယ်ယူရေး)	၀၉-၂၆၄၃၄၀၈၀၃	
၄	ဒေါ်ညိုတင်	ဦးမြစံ	၉/မထလ(နိုင်)၁၉၈၇၀၉	၅၃	ဘဏ္ဍာရေးမှူး	၀၉-၆၇၇၃၈၀၀၁၈	
၅	ဒေါ်၀င်း၀င်းစန်း	ဦးကြည်မောင်	၉/မထလ(နိုင်)	၄၃	စာရင်းကိုင်	၀၉-၇၉၄၉၇၉၉၃၉	
၆	ဒေါ်ရီရီသန့်	ဦးအောင်မောင်း	၉/မထလ(နိုင်)	၂၃	အဖွဲ့၀င်	၀၉-၆၉၆၁၃၇၂၄၀	
၇	ဦးမြင့်မိုး	ဦးမောင်သန်း	၉/မထလ(နိုင်)၁၉၄၀၄၀	၄၅	အဖွဲ့၀င်	၀၉-၇၅၅၇၉၂၁၉၆	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ခ) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၈	၂	၁၀		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၇	၁၉		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၁	၂၃	၄၄		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၆	၂၂	၃၈		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၇၄	၂၀၅	၅၇၉		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၃	၂၂	၃၅	၂	၂
စုစုပေါင်း		၄၄၄	၂၈၁	၇၂၅		
စုစုပေါင်း အိမ်ထောင်စု		၁၁၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကြာကန်ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ်အများစုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုကြည့်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၇၀	၁၂၀	၁၀	၈၀	၄၀		မြင့် ☐ လတ်√ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်√ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ဝန်ထမ်း							☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	၇	၁၄	-	၁၀	၄		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၅	၁၄	-	၂၀	၁၅	၁၅	မြင့် ☐ လတ်√ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်							မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ(သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည် ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကြာကန် ကျေးရွာ၏ အိမ်ထောင်စုစုစုပေါင်း၏ (၂၁%)မှာ လယ်ယာကိုယ်ပိုင်လုပ်ကိုင်သူများဖြစ်ပြီး လယ်ယာထွက်ကုန်များမှာ အမြတ်နည်းသောကြောင့် စီးပွားရေးလုပ်ငန်းအားနည်းသည်ကို တွေ့ရှိရသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား				
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၇၀၀၀	၇၀၀၀	၆၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကြာကန်ကျေးရွာ၏ လုပ်ငန်းနှင့်ကျားမအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထားများမှာ လယ်ယာစိုက်ပျိုးရေးတွင် သင့်တော်သော နှုန်းထားများရရှိပြီး ဆောက်လုပ်ရေး လုပ်ငန်းများတွင်ပိုမိုရရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၂၄၇	ကောင်း ☐	သင့်√	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၃၁.၅	ကောင်း ☐	သင့်√	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၃.၅	ကောင်း ☐	သင့်√	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၉၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကြာကန် ကျေးရွာတွင်စိုက်ပျိုးမြေပိုင်ဆိုင်မှု အခြေအနေမှာ လယ်မြေ ယာမြေများအသင့်အတင့် ပိုင်ဆိုင်၍ မြေဆီလွှာအရည်အသွေးညံ့ဖျင်းကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ √
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ √	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ √
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း √ မရှိ ☐	လွယ် √ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ √
သဘာဝတိရစ္ဆာန်မျိုးစိတ်မျိုးတး	များ ☐ သင့်☐ နည်း √ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ √
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ √	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ √
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ √	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ √
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ √	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ √
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ √	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ √	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ √

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကြာကန် ကျေးရွာတွင် အခြားသတ္ထုနှင့် တွင်းထွက်သယံဇာတများ မရှိခြင်း ၊နှင့် ဆေးဘက်ဝင်အပင်မျိုးစိတ် အနည်းငယ်ရှိပြီး အသုံးပြုရန် လွယ်ကူကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်√ ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်√	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄၀	၃၀	၂၀	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကြာကန် ကျေးရွာတွင်စုစုပေါင်းအိမ်ထောင်စု၏ တစ်ဝက်ကျော်မှာ အဆင်ပြေသောအိမ်ထောင်စုများဖြစ်ပြီး အလွန်မပြေလည်သောအိမ်ထောင်စုမှာ များကြောင်း လေ့လာတွေ့ ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကြာကန် ကျေးရွာတွင်၀မ်းစာဖူလုံမှု အနေဖြင့်စစ်တမ်း ကောက်ယူထားခြင်း မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖခင်နှစ်နှင့်အထက်	၅	၃	၈
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၂၅		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၂၅		

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၁၂		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကြာကန် ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောမိသားစု မရှိပါ။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နှာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း	✓			✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း	✓			✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း	✓			✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ	✓			✓		
၂၅	ပြည်တွင်းပဋိပက္ခ	✓			✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စု မည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့် အိမ်ထောင်စု ၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု ၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်) လေ့လာတွေ့ရှိချက်။ ။ ကြာကန် ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းပြီး စိုက်ပျိုးရေး ကောင်းမွန်ခြင်းတို့ကြောင့်စီးပွားရေးအသင့်အတင့်ကောင်းမွန်ပါသည်။သဘာဝဘေးအန္တရာယ်များမရှိပါ။

(c–၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓					✓
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု			✓	✓		
၃	ဆင်းရဲသားတောင်သူ			✓	✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောဝေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓	✓		
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	. .	✓		✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ		✓			✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကြာကန်ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သူ အနည်းငယ်သာရှိပြီး ထိခိုက်မှု လည်း အနည်းငယ်သာရှိသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	နာရေးကူညီမှုအသင်း	၁□၂□၃✓□				ပညာရေး□ဌေကြေး□ကျန်းမာရေး□ဘာသာရေး စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး	ကောင်း□ သင့်✓ ညံ့□
၂	ပရဟိတ	၁✓၂□၃□				ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်✓ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၃		၁□၂✓၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့် ညံ့□
၄		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၅		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၆		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နာရေးအဖွဲ့(၂)ဖွဲ့ရှိသဖြင့်ဘာသာရေး/ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ဆောင် ရွက်ရာတွင်အဆင်ပြေချောမွေ့မှုရှိပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များ နှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	လူငယ်ဖွံ့ဖြိုးရေးအဖွဲ့	၁✓၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး✓ □ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	ပန်းရောင်ခြယ်ပရဟိတ	၁□၂□၃□၄□၅□၆✓၇□	ပညာရေး□ငွေကြေး✓ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	လင်းသုတေသနစိုက်ပျိုးရေးအဖွဲ့	၁□၂□၃□၄□၅✓၆□၇□	ပညာရေး□ငွေကြေး✓ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပညာရေး၊ လူမှုဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးအဖွဲ့များ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ–၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၀	–	မြေမဲ့ယာမဲ့
၂	၂.၅ကေအောက်	၂၀	၁၅	ဆင်းရဲသားတောင်သူ
၃	၂.၅ကေမှ၅ကေကြား	၂၅	၁၀	တောင်သူငယ်
၄	၅ကေမှ၁၂.၅ကေကြား	၃၀	၁၅	တောင်သူလတ်
၅	၁၂.၅ကေအထက်	၅	–	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၁၀		☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေစာရင်းကောက်ယူမှုအရ မြေယာပိုင်ဆိုင်မှု တောင်သူအမျိုးသမီးဦးဆောင်သည့်ဦးရေများပါရှိ၍တောင်သူများအနေဖြင့်အခက်အခဲ အမျိုးမျိုးရှိခဲ့ပါသည်။ တောင်သူလတ်/ငယ် များစွာရှိ၍ မြေယာမဲ့များရှိနေပါသည်။စီးပွားရေးအခက်အခဲများ အနည်းငယ်ရှိကြောင်း

တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်	၁၅၀	တစ်နှစ်ပတ်လုံး✓ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ✓မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ✓
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	၅၀	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ✓	ရှိ□မရှိ✓မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ✓

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကြာကန်ရွာတွင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော်လည်း မိုးကောင်းရေသောက်ဖြင့်စိုက်ပျိုးကြသဖြင့် မိုးခေါင်ခြင်းဒဏ်ကို မကြာခဏခံစားရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
နှမ်း	၃၀		၅	၁၀	၄	မေ	ဇွန်	မြင့်✓လတ်□နိမ့်□	မြင့်□လတ်✓နိမ့်□	မြင့်□လတ်✓နိမ့်□
စပါး	၂၄၇		၇၀	၁၀၀	၈၀	စက်တင်ဘာ	အောက်တိုဘာ	မြင့်□လတ်✓နိမ့်□	မြင့်□လတ်✓နိမ့်□	မြင့်□လတ်✓နိမ့်□
နေကြာ	၂၀		၆	၁၁	၅	နိုဝင်ဘာ	ဒီဇင်ဘာ	မြင့်□လတ်✓နိမ့်□	မြင့်□လတ်✓နိမ့်□	မြင့်□လတ်✓နိမ့်□
ငရုပ်	၁၅					ဇူလိုင်	သြဂုတ်	မြင့်□လတ်✓နိမ့်□	မြင့်□လတ်□နိမ့်✓	မြင့်□လတ်□နိမ့်✓
ပြောင်း	၁၅		၄	၁၀	၃	သြဂုတ်လ	စက်တင်ဘာ	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် တောင်သူများအနေဖြင့် ရာသီပေါ် သီးနှံများကို လအလိုက် စိုက်ပျိုးကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				၃၅
လက်တွန်းထွန်စက်	၇			

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၂၃			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ **။ကြာကန်**ကျေးရွာတွင် **စိုက်ပျိုးရေးသုံးကိရိယာများ**ပိုင်ဆိုင်မှုနည်းကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း□ကောင်း✓သင့်တင့်မျှတ✓မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ□အသင့်အတင့်ရှိ✓မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်□ရသည်✓မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✓မဖြေဆိုပါ□**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□**

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်✓မဖြေဆိုပါ□**
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	**ထိခိုက်သည်✓ မထိခိုက်ပါ □ မဖြေဆိုပါ□**

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကြာကန် ကျေးရွာတွင် သီးနှံအထက်တိုးစေရန် အခွင့်အလမ်းများ အသင့်အတင့်ရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း✓ရာသီဥတုမမှန်✓မဖြေဆိုပါ✓**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်✓ ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□**
စိုက်ပျိုးရေးအရင်းအမြစ်	**အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ✓**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်	**အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□**

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆ ေသအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
အခြားအော်ဂဲနစ်သွင်းအားစုများ	
ဓာတုပိုးသတ်ဆေးဓာတ်မြေဩဇာနှင့်အခြား ဓာတုဗေဒသွင်းအားစုများ	**အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ေဆာင်မှုများ	**အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ✓** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ□မဖြေဆိုပါ□**
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ□အသင့်အတင့်ကျ□အနည်းငယ်□မဖြေဆိုပါ✓**
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက် လှမ်းမီမှု	**အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□**
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်မျ ားလက်လှမ်းမီမှု	**အလွယ်တကူမရနိုင်□လုံးဝမရ✓မဖြေဆိုပါ□**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ **။ကြာကန်** ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ ရှိပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်ေဝေသာအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး	၇၀	
နွား	၅၀	
နို့စားနွား	၉၀	
ကျွဲ		
မြင်း		
မြည်း		

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်ဝေသောအိမ်ထောင်စု	ကောင်ရေ
လား		
ဆိတ်	၂၀	
သိုး		
ဝက်	၇၀	
ကြက်		
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးကဏ္ဍအနေဖြင့် လယ်ယာလုပ်ငန်းများအတွက် အသုံးပြုရန်နွားကို အဓိကထား မွေးမြူကြပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးအတွက် ဆိတ်နှင့် ဝက်ကို မွေးမြူကြသည်။ မွေးမြူရေးကဏ္ဍကို စီးပွားဖြစ်မွေးမြူနိုင်ပါက စီးပွားရေးပိုမို အဆင်ပြေလာနိုင်သည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

